# ဆက်စပ်မှုရရှိရေးသည် ကျွမ်းကျင်မှုနှင့်ပိုသက်ဆိုင်သည်

## အမြင့်ဆုံးအဆင့်တွင် စကားပြောဆိုခြင်း

စကားပြောဆိုဆက်သွယ်ခြင်းသည် သင်ယူနိုင်သော အကြောင်းအရာတစ်ခုဖြစ်သည်။ စကားပြောဆိုဆက်သွယ်ခြင်းတိုးတက်စေရန် လေ့လာသင်ယူလိုသော စိတ်ရှိရမည်။ ခေါင်းဆောင်မှု စာရေးဆရာ John C. Maxwell သည်စကားပြောဆိုဆက်သွယ်ခြင်းကို နှစ်ပေါင်းလေးဆယ်ကြာသင်ယူခဲ့ရသည်ဟုဆိုပါသည်။အခြားလူတစ်ယောက်ကစကားပြောလျှင် ပြောဆိုသောအကြောင်းအရာသာမက သူပြောသည့် ပုံစံနှင့်နည်းစနစ်ကိုပါ သတိထားကြည့်သင့်သည်။ဟောပြောပွဲများစွာကို အခါအားလျော်စွာတက်ရောက်နားထောင်ခြင်းဖြင့်လည်း ဟောပြောသူများထံမှ သင်ယူနိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းအတန်ကြာကာလက အလွန်ကျော်ကြားသော ပုဂ္ဂိုလ်ဆယ်ယောက်ကို အသားပေးထားသည့် Califorina ပြည်နယ် San Jose မြို့တွင်ပြုလုပ်သော ညီလာခံသို့ Maxwell တက်ရောက်ခဲ့သည်။ လူသိများသော ထိုပုဂ္ဂိုလ်ဆယ်ယောက်စလုံးသည် တစ်ယောက်နှင့်တစ်ယောက်လိုင်းချင်းမတူ ကွဲပြားခြားနားကြသူများဖြစ်ကြသည်။ သူတို့တစ်ဦးချင်း၏ အပြောအဆိုကို Maxwell က မြင်လိုသည်၊ နားထောင်ကြည့်လိုသည်။ ပရိသတ်နှင့် ထိထိရောက်ရောက်ဆက်စပ်မှုရရှိစေရန် သူတို့မည်သည့်နည်းလမ်းများဖြင့် ပြုလုပ်သွားကြမည်လဲဟု စိတ်အား ထက်သန်စွာ လေ့လာလိုခဲ့၏။

ညီလာခံတွင် ရောက်ရှိနေရာယူပြီးသောအခါ Maxwell ကသူ၏မှတ်စုစာအုပ်တွင်ကော်လံမျဉ်းနှစ်ကြောင်းဆွဲချလိုက်ပြီး ဆက်စပ်မှုရရှိသူနှင့် ဆက်စပ်မှုမရရှိသူဟူ၍ ခေါင်းစဉ်တပ်လိုက်၏။ တစ်နေကုန်နားထောင်ပြီးသွားသောအခါသူ၏စာအုပ်ဆက်စပ်မှုရရှိသူကော်လံတွင် ခြောက်ယောက်၊ ဆက်စပ်မှုမရရှိသူကော်လံတွင် လေးယောက်အမည်စာရင်းထွက်ပေါ်လာခဲ့ပါသည်။ ဆက်စပ်မှုမရရှိသူများ၏ပြောဟန်များကိုလည်း မှတ်သားထားခဲ့ပါသည်–

**ဆက်စပ်မှုမရရှိသူအမှတ်(၁)။** နိုင်ငံရေးသမားတစ်ယောက်ဖြစ်ပြီး တောက်လျှောက်တက်သံကျသံမပါ တစ်သံတည်း ပြောခဲ့သည်။ ငြီးငွေ့ဖွယ်ရာများကို ထပ်တလဲလဲပြောနေခဲ့၏။ စိတ်ထက်သန်မှုသော်လည်းကောင်း၊ ခိုင်မာသော ထင်မြင်ချက်သော်လည်းကောင်း လုံးဝကင်းမဲ့နေသည်။ သူပြောနေပုံမှာ ပရိသတ်ကြီးမရှိဘဲ တစ်ဦးတည်းပြောနေသယောင် ထင်ရသည်။ ပရိသတ်အဖို့ကလည်း သူပြောနေမှုန်းပင်သတိမရတော့ပါ။

**ဆက်စပ်မှုမရရှိသူအမှတ်(၂)။** နိုင်ငံရေးသမားတစ်ယောက်ပင်ဖြစ်ပါသည်။ သာယာနာပျော်ဖွယ်ရှိပါသည်။ အဖိုးအိုတစ်ဦးက မြေးများအား ဆုံးမသြဝါဒပေးနေသကဲ့ဟောပြောခဲ့ပါသည်။မိနစ်၄၀းဆယ်ခန့်ကြာအောင်ဟောပြောခဲ့ပြီးနောက် အကျိုးရလဒ်ဘာမျှ မယ်မယ်ရရ ရေးချစရာမရှိခဲ့ပါ။

**ဆက်စပ်မှုမရရှိသူအမှတ်(၃)။** မြို့တော် Washington မှ သတင်းသမားတစ်ဦးဖြစ်သည်။ ပရိသတ်ကို အထင်သေးပြီးပြောနေခဲ့သည်။ လူတိုင်းထက်သူမကပို၍ကြီးမြတ်သည်ဟု ခံစားမှုရှိနေကြောင်း ပေါ်လွင်ပါသည်။ ပရိသတ်ကလည်း သူမကို သေးနုပ်သည်ဟု ခံစားမိသည်။ သူမပြောသမျှ အားလုံးကို ခြုံလိုက်သောအခါ သတင်းစကားတစ်ခုသာရှင်းလင်းစွာပေါ်ထွက်လာပါသည်၊ ''ရှင်တို့မသိတာတွေကို ကျွန်မသိတယ်'' ဟူ၍ဖြစ်၏။

**ဆက်စပ်မှုမရရှိသူအမှတ်(၄)။** စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်စာအုပ်များ ရေးသားနေသူတစ်ဦးဖြစ်ပါသည်။ အမှန်အတိုင်းဆိုရလျှင် Maxwell ကိုယ်တိုင်က သူ၏ စကားကိုနားထောင်နိုင်ရန် အများဆုံးစိတ်အားထက်သန်ခဲ့ပါသည်။သို့ရာတွင်အံ့သြစရာလည်းဖြစ်၊ စိတ်ပျက်စရာလည်းဖြစ်ရသည်မှာ သူ၏ စိတ်ဆိုးနေသော အပြင်ပန်း ကိုယ်နှုတ်အမူအရာ ကြောင့်ဖြစ်သည်။ ကိုယ်ဟန်အနေအထား ၊ မျက်နှာသွင်ပြင်နှင့်ပြောဆိုသည့်အသုံးအနှုန်းများက

မကောင်းသော သဘောထားရပ်တည်ချက်ကို ဖော်ပြနေပါသည်။ သူနှင့်တစ်ဦးချင်းတွေ့ဆုံစကားပြောဆိုရမည်သာ ဆိုလျှင်အချိန်ငါးမိနစ်ပင်အကုန်မခံနိုင်ပါ။ သူပြောခဲ့သည့်အချိန်ကာလအတွင်း ပရိသတ်အတွက် လက်တွေ့ကျသော အသုံးဝင်မှုတစ်စုံမျှ မပေးနိုင်ခဲ့ပါ။

အထက်ပါပုဂ္ဂိုလ်လေးယောက်တို့သည် ပရိသတ်၏အားပေးထောက်ခံမှုမရခဲ့ကြပါ။ သူတို့ဟောပြောခဲ့သော အချိန်များ ကုန်လွန်သွားသောအခါမှသာ ပရိသတ်သည် စိတ်သက်သာရာရခဲ့ကြခြင်း ဖြစ်ပါသည်။ သို့သော် ကောင်းမွန်သော ဟောပြောသူခြောက်ယောက်အနက် တစ်ယောက် စင်မြင့်ပေါ်သို့တက်လာသည်နှင့် ခန်းမအတွင်း ရှိ ပရိသတ်၏ မျှော်လင့်ချက်များသည် ချက်ချင်းပြန်လည်တိုးတက်လာခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်တို့သည် ထိုနေ့က ပရိသတ်နှင့်ကောင်းစွာ ဆက်စပ်မှုရရှိသွားခဲ့ကြပါသည်–

**Mark Russell** ။ Washington မြို့တော်သားတစ်ဦးဖြစ်ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော် District of Columbia တွင် ပုံသေဟာသဇာတ်လမ်းဇာတ်ကွက်များဖန်တီးပေးခဲ့သူဖြစ်ပါသည်။ သူကပရိသတ်ကိုရီမောစေရန် လည်း ပြုလုပ်ခဲ့သည်၊ စဉ်းစားတွေးခေါ်စေရန်လည်း ပြုလုပ်ခဲ့သည်။ သူဟောပြောနေစဉ်ကာလအတွင်း၌ ပရိသတ် ကို မေးခွန်းပေါင်းတစ်ရာခန့်မေးခဲ့သေးသည်။ ထို့ကြောင့် ထိုကာလအတွင်း၌ လူတိုင်းသည် သူနှင့် လုံးဝချိတ်ဆက် မိနေခဲ့ကြပါသည်။

**Mario Cuomo** ။ New York ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်ပြီးထိုနေ့ဟောပြောသူများတွင်တက်ကြွမှု အရှိဆုံးဖြစ်၏။ ပရိသတ်ကို လှုပ်လှုပ်ရွရွဖြစ်စေခဲ့သည်။ သူခံစားသည့်အတိုင်းပရိသတ်ကလည်း လိုက်ခံစားနိုင်ခဲ့ ကြသည်။ ခန်းမအတွင်း၌ ရှိနေကြသောလူတိုင်း သူနှင့်အတူလိုက်၍ လှုပ်ရှားလာကြသည်။ သူ၏အချိန်ပြီးဆုံး သွားသောအခါ ပရိသတ်အားလုံးက ထမတ်တတ်ရပ်ကြပြီး ချီးကျူးဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

**C. Everett Koop** ။ ကျန်းမာရေးဆေးမှူးချုပ်ဟောင်းတစ်ဦးဖြစ်သည်။ဤရွေ့ ဤမျှ ကောင်းမွန်စွာဆက်သွယ် ပြောဆိုနိုင်သူတစ်ဦးအဖြစ် တွေ့ရခြင်းကို ပရိသတ်က အံ့သြနေမိကြသည်။ သရုပ်ပြပုံများ သုံးစွဲ၍ဟောပြောရာတွင် ကျွမ်းကျင်သောဆရာတစ်ဦးဖြစ်၏။ကျိုးကြောင်းညီညွတ်သောဖော်ပြချက်များကို ကြီးကျယ်ထင်ရှားသောဇာတ်လမ်း အကြောင်းအရာများဖြင့် အားဖြည့်ပေးခဲ့သည်။ သူပြောကြားခဲ့သည့် စကားတိုင်းသည် သံမှိုရိုက်ထားသကဲ့သို့ စိတ်ထဲတွင်စွဲမြဲစေခဲ့သည်။ သူပြောပြီးသွားသောအခါ ပရိသတ်၏ မှတ်ဉာဏ်တွင် သူပြောခဲ့သော အချက် ခုနစ်ချက် သည် အထင်အရှားကျန်ခဲ့ပါသည်။

**Elizabeth Doll** ။ အထက်လွှတ်တော်အမတ်ဟောင်းတစ်ဦး နှင့် လက်ရှိကြက်ခြေနီအသင်း ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်နေသူဖြစ်၏။ ပရိသတ်တစ်ဦးချင်းစီက သူမကိုအကောင်းဆုံး သူငယ်ချင်းတစ်ဦးအဖြစ်ခံစားသွားနိုင်စေ ရန် စကားပြောနိုင်ခဲ့သည်။ သူမသည် ပရိသတ်ရှေ့တွင် ရှိနေခြင်းအတွက် ပရိသတ်က စိတ်ချမ်းမြေ့စေနိုင်သည့် ယုံကြည်မှုမျိုးပိုင်ဆိုင်ထားသူဖြစ်ပါသည်။

**Steve Forbes** ။ Forbes မဂ္ဂဇင်းအယ်ဒီတာချုပ်ဖြစ်ပြီး ထက်မြက်၍ သတင်းအချက်အလက် စုံလင်သူ ဖြစ်၏။ ထိုနေ့က ဆက်သွယ်ပြောဆိုကြသူအားလုံးအနက် ပရိသတ်ကို အများဆုံးသင်ကြားပေးနိုင်သူတစ်ဦးဖြစ်ပါ သည်။ သူပြောခဲ့သမျှအချက်အလက်အားလုံးသည် ပရိသတ်အတွက် ဆန်းသစ်မှုနှင့်ခိုင်မာမှု ရှိစေခဲ့ပါသည်။

**Colin Powell** ။ အမေရိကန် စစ်ဗိုလ်ချုပ်ကြီးဟောင်းနှင့်လက်ရှိနိုင်ငံခြားရေး ဝန်ကြီး တာဝန်ထမ်းဆောင် နေသူဖြစ်၏။ ခန်းမအတွင်းရောက်ရှိနေသော ပရိသတ်ကို သက်တောင့်သက်သာ ဖြစ်စေပြီးလုံခြုံရေးအမြင်ရှိ ရန်ဆွေးနွေးခဲ့၏။ သူ၏ အသံနှင့်အပြင်ပန်း အမြင်မှာ ယုံကြည်မှုအပြည့်အဝ ရှိနေပြီး သူစကားပြောပြီးသောအခါ

ပရိသတ်သည်မိမိတို့ကိုယ်မိမိတို့ ယုံကြည်မှုရှိလာစေသည်။ ပို၍အရေးကြီးသည်မှာ သူက ပရိသတ်အတွက် မျှော်လင့်ချက်များပေးနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ပါဝင်သောအဟောအပြောကောင်းသူများမှာ တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနား ကြသည်မှာပြောဖွယ်ရာမရှိပါ။ သူတို့၏ နောက်ခံအကြောင်းတရားများကလုံးဝခြားနားကြပါသည်။ ပြောဟန်ဆိုဟန် များကလည်းတစ်မျိုးစီဖြစ်သည်။ သူတို့ပိုင်ဆိုင်ကြသော တန်ဖိုးများကလည်း မတူညီကြပါ။ ပြောကြားသောဘာသာ ရပ်များကလည်း တစ်ယောက် တစ်ဘာသာစီဖြစ်၏။ သူတို့၏ကိုယ်ပိုင်စွမ်းရည်နှင့် ကျွမ်းကျင်မှုများကလည်း ကွဲလွဲ သည်။ တူညီသည်မှာ တစ်ခုတည်းသာရှိသည်၊ ဆက်စပ်မှုကောင်းစွာရယူနိုင်ကြခြင်းပင်တည်း။ ကြီးမြတ်သော ခေါင်းဆောင်ကြီးတိုင်းနှင့် ဆက်သွယ်ပြောဆိုသူတိုင်း၌ရှိရမည့်အရာဖြစ်သည်။ ထိုသို့ဆက်စပ်မှုရှိနေခြင်းသည် သင်ယူနိုင်သော ကျွမ်းကျင်မှုတစ်ခုဖြစ်သည်ကိုကား သတိပြုအပ်ပါသည်။

## တိုက်ဆိုင်မှုမဟုတ်ပါ

ထူးချွန်သော ဆက်သွယ်ရေးသမားများသည် တစ်မျိုးတစ်စားတည်းမဟုတ်ကြပါ။ သို့သော် သူတို့သည် ဆက်စပ်မှုရရှိနိုင်သောစွမ်းရည်ရှိမှု၌တူညီကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ တိုက်ဆိုင်မှုကြောင့်မဟုတ်ပါ။လူတစ်ယောက် ၏ အောင်မြင်မှုသည် အားနည်းသော ကံကြမ္မာအပေါ်အားကိုး၍ မရပါ။ တစ်ချိန်က အမေရိကန် အနောက်ဘက် လွင်ပြင်သို့ ထွက်ခွာသွားခဲ့ကြသော ဦးဆောင်လမ်းထွင်သူများ၏ ရထားလုံးလှည်းတန်း တစ်ခုကို ခေါင်းဆောင်ခဲ့သူ တစ်ဦး၏ ကံကြမ္မာမျိုးကားဖြစ်တောင့်ဖြစ်ခဲပါ။ ခပ်လှမ်းလှမ်းတွင် ဖုန်လုံးကြီးတစ်ခုသည် သူတို့ဘက်ရွေ့လာသည် ကို မြင်လိုက်ရသည်နှင့် ဒုက္ခလှလှကြီးတွေ့တော့မည်ကို သိလိုက်ရသည်။ ရဲရင့်သော အမေရိကန်ဌာနေ လူမျိုးစု တစ်ခုသည် သူတို့ကိုညာသံပေးဝိုင်းဝန်းလာကြပါတော့မည်။ ထို့ကြောင့် ခေါင်းဆောင်ကလှည်းများကို တောင်ကွယ် ကလေး တစ်ခုနောက်ကျောတွင် စက်ဝိုင်းပုံနေရာယူခိုင်းလိုက်သည်။

ကောင်းကင်နောက်ခံဖြင့် ဌာနေလူမျိုးစုအကြီးအကဲ၏ ပုံရိပ်ပေါ်လာသောအခါ လှည်းအဖွဲ့ခေါင်းဆောင်က သွားရောက်ရင်ဆိုင်ပြီး လက်ဟန်ခြေဟန်ဖြင့် ဆက်သွယ်ပြောဆိုရန်ဆုံးဖြတ်လိုက်သည်။ ထိုသို့ဆက်သွယ်ပြောဆို ပြီး မကြာမီမှာပင် ဌာနေအကြီးအကဲက လှည့်ထွက်သွားပြီးခေါင်းဆောင်ကလည်း မိမိအဖွဲ့ထံ ပြန်လာခဲ့ပါသည်။ ''အခြေအနေဘယ်လိုလဲ''ဟု ဦးဆောင်လမ်းထွင်အဖွဲ့ဝင်များကမေးသောအခါ ခေါင်းဆောင်ကရှင်းပြ၏။''ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ၊ ကျွန်တော်လည်းသူတို့စကားမတတ်တော့ ခြေဟန်လက်ဟန်ဘာသာစကားပဲသုံးရတာပေါ့၊ ပထမ ဆုံးကျွန်တော်က မြေကြီးအပေါ်မှာ စက်ဝိုင်းတစ်ခုဆွဲပြလိုက်တယ်၊ ဒီမြေပေါ်မှာ ကျွန်တော်တို့အားလုံး အတူတူပဲ ဖြစ်ကြောင်း သိသာရန်ဖြစ်ပါတယ်၊ သူက ဒီစက်ဝိုင်းကို ကန့်လန့်ဖြတ်ပြီးမျဉ်းတစ်ကြောင်း ထပ်ဆွဲလိုက်တယ်။ သူတို့က တခြား၊ ကျွန်တော်တို့ကတခြား ဆိုတဲ့အဓိပ္ပါယ်ပဲ။ ဒါပေမဲ့ ကျွန်တော်က မိုးကောင်းကင်ကို လက်ညှိုး ထိုးပြပြီး ငါတို့အားလုံးမှာဘုရားတစ်ဆူတည်းရှိတယ်လို့ပြောလိုက်တယ်။ အဲဒီတော့ သူက လွယ်အိတ်ထဲက ကြက်သွန်နီ တစ်ဥထုတ်ပြီးပေးတယ်။ လူတစ်ဦးချင်းမှာ နားလည်မှုအလွှာအမျိုးမျိုးရှိတယ်လို့ဆိုလိုတာပဲ။ သူဆိုလို သောအဓိပ္ပါယ်ကို နားလည်လက်ခံသည့်အနေဖြင့် ကျွန်တော်က ဝါးစားပြလိုက်တယ်။ နောက်ပြီးကျွန်တော့် အပေါ် အင်္ကျီအိတ်ထဲကကြက်ဥတစ်လုံးကိုထုတ်ပေးပြီး ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြလိုက်တယ်။ သူ့မှာနတရားကြောင့် ကျွန်တော့်လက်ဆောင်ကို မယူတော့ပဲ ပြန်လှည့်သွားတာပဲ''။

ထိုအချိန်တွင် ဌာနေလူမျိုးစုတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရန်အတွက် သူတို့၏ အကြီးအကဲထံမှ အမိန့်ကို စောင့်နေကြသည်။ အကြီးအကဲက လက်ပြ၍ ရပ်ခိုင်းလိုက်ပြီး သူ့လူများကို ရှင်းပြ၏။ ''ငါတို့မျက်နှာချင်း ဆိုင်တွေ့ကြတော့ စကားပြောလို့မရဘူးလေ၊ သူက မြေကြီးပေါ်မှာစက်ဝိုင်းဆွဲပြတယ်၊ ငါတို့ကို ဝိုင်းထားပြီလို့ ဆိုတာပဲ။ ငါက သူ့စက်ဝိုင်းကိုခါးလယ်က ဖြတ်ပြီး မျဉ်းဆွဲပြီးသူတို့ကို နှစ်ခြမ်းကွဲသွားအောင် ငါတို့ လုပ်ပစ်မယ်လို့

ပြန်ပြောလိုက်တယ်။ ဒီတော့သူက လက်ညှိုးတစ်ချောင်းထောင်ပြတယ်။ သူတစ်ယောက်တည်းက ငါတို့အားလုံးကို ဖမ်းသွားနိုင်တယ်လို့ပြောတာပဲ။ ငါက ကြက်သွန်နီတစ်ဥကို ထုတ်ပေးပြီး မင်းတို့အားလုံးသေခြင်းတရားနဲ့ ဆိုးရွားမှုတွေကိုကြုံတွေ့ရပြီးမျက်ရည်ဖြိုင်ဖြိုင်ကျစေရမယ် လို့ပြောလိုက်တယ်။ သူကအာခံတဲ့သဘောနဲ့ ငါ့ကြက်သွန်ဥ ကို ဝါးစားလိုက်တယ်။ နောက်ကြက်ဥတစ်လုံးပြန်ထုတ်ပေးတယ်။ ငါတို့ရဲ့အခြေအနေဟာ အထိအခိုက် မခံနိုင်တဲ့ အခြေအနေကို ရောက်နေပြီလို့သူက ဆိုလိုတာပဲ။ ဒါကြောင့် သူတို့လူတွေအနားတပိုက်မှာ ရောက်ရှိနေနိုင်တယ်။ ငါတို့ပြန်ထွက်ကြပါစို့”။

Mexico City တွင်ကုမ္ပဏီမန်နေဂျာအဖြစ် နှစ်နှစ်တာ၊ တာဝန်ထမ်းဆောင်နေခဲ့သော Lars Ray က အထက်ပါ ဆက်သွယ်ပြောဆိုမှုလွဲမှားခြင်းနှင့်ပတ်သက်သော ပုံပြင်ကို ကောင်းစွာနားလည်သဘောပေါက်ခဲ့ပါသည်။ သူသည် အင်္ဂလိပ်ဘာသာစကားကို ကောင်းစွာကျွမ်းကျင်သော်လည်း စပိန်ဘာသာစကားကို အနည်းအကျဉ်းသာ သိရှိပါသည်။ ‘‘ကျွန်တော့်မှာရှုပ်ထွေးခြင်း၊ နားလည်မှုလွဲမှားခြင်းနှင့် ဆက်သွယ်ပြောဆိုရာတွင် အနည်းအကျဉ်း လွဲချော်ခြင်းတို့ကြောင့်ခြေကုန်လက်ပန်းကျနေအောင် ဖြေရှင်းရသည့်အခြေအနေများတွေ့ကြုံခဲ့ရပါတယ်။ ကျွန်တော် အခု ဒီမှာဖြစ်နေတာက စောစောကပုံပြင်ထဲကအတိုင်းပါပဲ’’ ဟူ၍ပြောခဲ့ပါသည်။ တက်ကြွသော တရားဟောဆရာ Jesse Giglio ပြောကြားခဲ့သော စကားများက တကယ်မှန်ပါသည်၊ ‘‘ ဆက်သွယ်ပြောဆိုရာတွင် အကြီးဆုံး ပြဿနာက လုပ်ပြီးသားဖြစ်နေခဲ့သည့် ထင်ယောင်ထင်မှားမှုပါပဲ’’။

## လူအများက ဘာကြောင့်နားထောင်နေကြပါလိမ့်

ခေါင်းဆောင်ကောင်းတစ်ယောက် သို့မဟုတ် ဆက်သွယ်ပြောဆိုရေးသမားကောင်း တစ်ယောက်ဖြစ်လိုပါလျှင် ကံကြမ္မာကိုစောင့်စားနေ၍မရပါ။ မိမိတွင်ရှိသော အတွေ့အကြုံ ၊ ကျွမ်းကျင်မှုတို့ကို အကောင်းဆုံးအသုံးပြု၍အခြားလူများနှင့် ဆက်စပ်မှုရရှိနိုင်ရန် နည်းလမ်းများကို သင်ယူရပါမည်။ နာမည်ကြီးသော ဆက်သွယ်ဟောပြောသူများ၏စကားများစွာကို နားထောင်ကြည့်မည်ဆိုလျှင် လူအများက သူတို့ကိုဘာကြောင့် နားထောင်နေရသလဲ ဆိုသည့်အချက်မှာ အနည်းငယ်သာရှိသည်ကို တွေ့ရှိရပါလိမ့်မည်။

**ဆက်သွယ်မှု။** Dr. Phil Mc Graw သည် ဥပဒေသမားများအားအမှုအခင်းဆိုင်ရာအကြံပေးအဖြစ် ဆောင်ရွက်နေသော စိတ်ပညာရှင်တစ်ဦးဖြစ်ပါသည်။ သူ၏ပြောစကားများကို လူပေါင်းသန်းနှင့်ချီ၍ နားထောင်လာကြပြီး မိမိတို့၏ ဘဝအတွေ့အကြုံ၊ မေတ္တာတရားနှင့်ဆက်ဆံမှုရေးရာတို့နှင့် ပတ်သက်၍ အကြံဉာဏ်များ တောင်းခံလာကြသည်မှာ ဘာကြောင့်ပါလဲ၊ အလားတူပင် ကျန်းမာရေးနှင့်ပတ်သက်၍ Dr. Mehmet Oz ၏ ပြောစကားများကိုလည်းလူသန်းပေါင်းများစွာက စတင်နားထောင်လာကြသည်။ ဘာကြောင့်ပါလဲ၊ သူတို့နှစ်ဦးစလုံး သည် အစီအစဉ်မှူး Oprah Winfrey ၏ တီဗွီအစီအစဉ်တွင် ပါဝင်ဆွေးနွေးခဲ့ဘူးပါသည်။

သူတို့နှစ်ဦးစလုံး၌သင့်လျော်သောအရည်အချင်းကိုယ်စီရှိကြပါသည်။ McGraw သည် စိတ်ပညာနှင့် ပတ်သက်၍ Ph.D ရရှိပြီးသူဖြစ်သည်။ Oz သည် နှလုံးခွဲစိတ်ဆရာဝန်ကြီးတစ်ဦးအပြင် ကိုလံဘီယာ တက္ကသိုလ် ပါမောက္ခတစ်ဦးလည်းဖြစ်ပါသည်။ သို့သော်လူအများစုက ဤအချက်များကိုသိရှိခြင်း သို့မဟုတ် ဂရုစိုက်ခြင်းမရှိကြ ပါ။ Oprah Winfrey ကသူတို့အပေါ်တွင် ယုံကြည်မှုရှိကြောင်း ပြောကြားခဲ့၍ လူအများကလည်း သူတို့အပေါ် ယုံကြည်မှု ရှိလာကြခြင်းဖြစ်သည်။

ထို့ကြောင့် လူတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ဖွဲ့သည် အများယုံကြည်လက်ခံမှု အမြန်ဆုံးရရှိလိုလျှင် အများယုံကြည်လက်ခံမှုရရှိပြီးသူထံမှ ခေတ္တငှားရမ်းအသုံးပြုကြရန်ဖြစ်ပါသည်။ ကုန်ပစ္စည်းရောင်းအားမြှင့်တင်ရေး အတွက်ကြော်ငြာရာတွင်အခြေခံကျသောလွှဲပြောင်းပေးအပ်ခြင်းနည်းလမ်းနှင့်အတူတူပင်ဖြစ်ပါသည်။စာရှုသူအတွက်

ဆက်စပ်မှုရရှိရန်''မည်သူ''ကတံခါးဖွင့်ပေးနိုင်မည်ဟု ထင်ပါသလဲ။ တစ်စုံတစ်ဦးက တံခါးဖွင့်ပေးလိုက်ပြီးပြီ ဆိုလျှင်လည်း စာရှုသူက ပေးခြင်းများ ဆက်လက်ပြုလုပ်သွားရန်လိုအပ်မည်ဖြစ်ပါသည်။

**ထိုးထွင်းသောအမြင်။** လူအများစုတို့သည် လူ့ဘဝတွင် မိမိတို့၏ အခြေအနေများကို တိုးတက်မှုရရှိလို ကြပါသည်။ ထို့ကြောင့်တစ်စုံတစ်ယောက်က တန်ဖိုးရှိသော အကြောင်းအရာတစ်ခု ဆက်သွယ်ပြောဆိုမည်ဆိုလျှင် နားထောင်လိုကြပါသည်။သင်ယူနားထောင်လိုက်ရသောအချက်များသည် သူတို့အတွက်အမှန်တကယ်အကျိုးဖြစ်စေ နိုင်သည်ဆိုလျှင် ဆက်စပ်မှုလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာလေ့ရှိပါသည်။ အမေရိကန်သမိုင်းတွင် အထူးလေးစား အပ်သူ တစ်ဦးသည် Benjamin Franklin ဖြစ်၏။ သူ့မှာထူးခြားသော ဘဝလမ်းကြောင်းတစ်ခုရှိခဲ့ပါသည်။ နိုင်ငံ၏ အောင်မြင်မှုအတွက် အခြေခံအုတ်မြစ်ချပေးခဲ့သူ တစ်ဦးလည်းဖြစ်သည်၊ ပုံမှန်ကျောင်းပညာရေးအခြေခံနည်းပါးခဲ့ ပါသည်။ စာသင်ကျောင်း၌နှစ်နှစ်သာတက်ခဲ့ဖူးသော်လည်း သူ၏ ထိုးထွင်းအမြင်နှင့် အသိပညာကြောင့် အကြီး အကျယ်လေးစားခြင်းခံရသူဖြစ်ပါသည်။ လောဘတကြီးစာဖတ်သူတစ်ဦး နှင့် ဉာဏ်ပညာစူးစမ်း လေ့လာ လိုစိတ် ပြင်းထန်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့်နယ်ပယ်တော်တော်များများတွင် ကျွမ်းကျင်သူတစ်ဦး ဖြစ်လာခဲ့ပါသည်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း၊ နိုင်ငံရေး၊ ပြည်သူ့နီတိလိုက်နာကျင့်သုံးရေး၊ သိပ္ပံပညာနှင့်သံခင်းတမန်ခင်း ဆက်ဆံရေး တို့ဖြစ်၏။ ဆန်းသစ်တီထွင်သောစိတ်ကူးလည်းရှိသည်၊ တော်လှန်ရေးစစ်ပွဲအတွင်း ပြင်သစ်အကူအညီ ရယူခဲ့ခြင်း၊ အမေရိကတိုက်၏ပထမဆုံးပြည်သူ့စာကြည့်တိုက်တည်ဆောက်ခဲ့ခြင်း၊အမေရိကန်ဒဿနိကအသင်းကြီး၏ပထမဆုံး ဥက္ကဌဖြစ်ခြင်း၊လွတ်လပ်ရေးကြေညာစာတမ်းကို မူကြမ်းရေးဆွဲရာ၌ ပါဝင်ကူညီခဲ့ခြင်း စသည်တို့ဖြစ်၏။ နာမည်ကြီး ပုဂ္ဂိုလ်များ၏ ကိုယ်ရေးမှတ်တမ်းများရေးလေ့ရှိသော စာရေးဆရာ Walten Isaacon က Franklin ကို ''ခေတ်ကာလအလိုက်အပြည့်စုံဆုံးအမေရိကန်လူမျိုးတစ်ယောက်''ဟု ခေါ်ခဲ့ပါသည်။ သူသည် လူထုအပေါ် မြင့်မား စွာလွှမ်းမိုးနိုင်စွမ်းရှိပြီး သူကဉာဏ်ပညာများကို မျှဝေပေးချိန်တိုင်း၌ ပြည်သူလူထုနှင့် ဆက်စပ်မှုအပြည့်အဝ ရရှိခဲ့ ကြပါသည်။

စာရှုသူတွင် ကျွမ်းကျင်မှုနယ်ပယ်တစ်ခုရှိပြီး အခြားလူများကို ရက်ရက်ရောရော မျှဝေပေးမည်ဆိုပါက လူထုက သင်၏ ထိုးထွင်းအမြင်အတွက် သင့်အပေါ်လေးစားကြမည့်အပြင် ဆက်စပ်မှုလည်း ရရှိသွားပါလိမ့်မည်။

**အောင်မြင်မှု။** လူများစွာတို့က Maxwell သည် ဘုရားရှိခိုးကျောင်းတစ်ကျောင်းမှနေ၍ အပြင်တွင် မည်ကဲ့သို့ဟောပြောသူတစ်ဦးဖြစ်လာရသည်ကို သိလိုကြသည်။ လူအများနားထောင်လာစေရန် သူ၏ ဈေးကွက် မဟာဗျူဟာကဘာလဲ၊ဈေးကွက်ထဲသို့မည်ကဲ့သို့ဖောက်ဝင်ခဲ့သလဲဆိုသည်ကို သိလိုကြခြင်းဖြစ်သည်။ အမှန်အတိုင်း ဆိုရလျှင် Maxwell ၌ ထိုကဲ့သို့ ဖြစ်ရန် စီမံကိန်းတစ်ရပ်မရှိခဲ့ပါ။ ဘုရားရှိခိုးကျောင်းတွင်ရရှိခဲ့သော အောင်မြင်မှု နှင့်ခေါင်းဆောင်မှုကို တဖြည်းဖြည်းခြင်းသိရှိလာကြပြီး အဆိုပါဘာသာရပ်များနှင့်ပတ်သက်၍ ဟောပြောပေးရန် ဖိတ်ကြားလာခဲ့ကြသောကြောင့်သာဖြစ်ပါသည်။ မည်ကဲ့သို့ အောင်မြင်မှုများရခဲ့သည်ကို အပြင်လူများက သိလိုကြ သောကြောင့်ဖြစ်ပါသည်။

လူများတွင်အောင်မြင်မှုကိုလိုလားသောဓလေ့စရိုက်ရှိကြပါသည်။ တစ်စုံတစ်ရာပြီးမြောက်အောင်မြင်စေ ရန် လုပ်နိုင်သော အခြားလူများကိုတွေ့ရှိလျှင် သူတို့ထံမှ အကြံဉာဏ်များရယူလိုကြသည်။ အကယ်၍စာရှုသူသည် တစ်စုံတစ်ရာအောင်မြင်မှုကိုပြုလုပ်နိုင်ခဲ့လျှင် သင်ထံမှလည်း အကြံဉာဏ်များရယူလိုမည့် လူများရှိလာကြပါလိမ့် မည်။ တစ်စုံတစ်ခုသောနယ်ပယ်တွင် အောင်မြင်မှုရရှိထားသော လူတစ်ယောက်ထံမှ သူပိုင်ဆိုင်သော အသိဉာဏ် များကို ရယူနိုင်ခဲ့လျှင်မိမိတို့၏အားထုတ်မှုများအတွက်လည်း တန်ဖိုးရှိလာလိမ့်မည်ဟုယုံကြည်ကြသည်။ ထိုလူ၏

အောင်မြင်မှုသည် သူတို့စိတ်ဝင်စားသော နယ်ပယ်နှင့်တစ်ထပ်တည်းကျနေလျှင် ဆက်စပ်မှုရရှိရန် အလားအလာသည် ပို၍ ကောင်းလာပါလိမ့်မည်။

**စွမ်းဆောင်ရည်။** ဆောင်ရွက်မြဲအလုပ်အကိုင်တစ်ခုတွင်ပင် စွမ်းဆောင်နိုင်မှုမြင့်မားခဲ့သော လူတစ်ယောက်သည် အများယုံကြည်မှုကိုချက်ချင်းရနိုင်ပါသည်။ လူအများက သူကိုလေးစားကြသည်၊ သူကဲ့သို့ဖြစ်လိုကြသည်၊ သူနှင့်ဆက်စပ်မှုရရှိလိုကြသည်။ သူစကားပြောလျှင် နားထောင်လိုကြသည်။ သူပေးနိုင်သော အကြံဉာဏ်သည် မိမိတို့၏ ကျွမ်းကျင်မှုနယ်ပယ်နှင့်ဘာမျှမဆိုင်လျှင်ပင် နားထောင်လိုကြပါသည်။

Michael Jordan အကြောင်းစဉ်းစားကြည့်ပါ။ သူ ဘတ်စကက်ဘောကစား၍ ရသည့် ဝင်ငွေထက် သူထောက်ခံကြော်ငြာပေး၍ရသော ဝင်ငွေကများစွာပိုပါသည်။ သူကြော်ငြာပေးခဲ့သော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သူ၏သိနားလည်မှုကြောင့် ထိုသို့ဝင်ငွေပိုရသလားဟုမေးလျှင် မဟုတ်ပါ ဟုဖြေရပါမည်။ ဘတ်စကက်ဘောတစ်လုံးနှင့် ဘယ်လိုလုပ်ရမလဲဆိုသည်ကိုသာ သူသိပါသည်။ အိုလံပစ်ရေကူးသမား Michael Phelps လည်း အလားတူဖြစ်ပါသည်။ လူများက သူပြောသည်ကို နားထောင်ကြခြင်းမှာ ရေကူးကန်အတွင်း၌ သူ၏ စွမ်းဆောင်ရည်ကြောင့်သာဖြစ်ပါသည်။ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်က မိမိတို့အား မည်သည့်ကားအမျိုးအစား ဝယ်စီးသင့်ကြောင်းပြောသည့်အခါ သူပြောသည့်အတိုင်း နားထောင်ကြသည်မှာ သူက ကားအင်ဂျင်အကြောင်း ကောင်းကောင်းနားလည်သည်ဟုယုံကြည်သောကြောင့်မဟုတ်ပါ။ သူ့ဘာသာရပ်သူထူးချွန်ကျွမ်းကျင်မှုများသည် ဆက်စပ်မှုဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် စာရှုသူတွင် နယ်ပယ်တစ်ခု၌ ထူးခြားသောစွမ်းဆောင်ရည် ရှိမည်ဆိုလျှင်၊ ထိုစွမ်းဆောင်ရည်ကြောင့် အခြားလူများက သင်နှင့်ဆက်စပ်မှုရရှိလိုသော ဆန္ဒဖြစ်ပေါ်လာနိုင်ပါသည်။

**စွန့်လွှတ်ခြင်း။** Mother Teresa အကြောင်းကို ကမ္ဘာတဝန်းခေါင်းဆောင်များက ကြားသိကြသည်။ လေးစားကြသည်၊ဘာသာအသီးသီးမှ လူများကသူမကိုလေးစားကြသည်၊ဘာကြောင့်ထိုသို့ဖြစ်ရသနည်း။အိန္ဒိယနိုင်ငံ ဆင်းရဲသားရပ်ကွက်တွင် နေထိုင်သော ဆင်းရဲနွမ်းပါးပြီးသေးနုပ်လှသော ကျောင်းဆရာမတစ်ယောက်၏ ပြောစကားကိုလူများက ဘာကြောင့်နားထောင်ကြသလဲ၊ သူမသည်သူမ၏ဘဝကို စွန့်လွှတ်ထားသောကြောင့်သာ ဖြစ်ပါသည်။

လူတို့သည် စွန့်လွှတ်သူများ သို့မဟုတ် ဒုက္ခခံစားနေရသူများသို့ ဂရုဏာတရားညွတ်တတ်ပါသည်။ ၉/၁၁ ကမ္ဘာ့ကုန်သွယ်မှုဗဟိုမျှော်စင်အဆောက်အအုံ နှစ်ခုတိုက်ခိုက်ခံရသောအခါ အပန်းတကြီးလုပ်ရှာသော မီးသတ်သမားများကို ဂရုဏာသက်ခဲ့ကြသကဲ့သို့ဖြစ်၏။ အာဖရိကနွယ်ဖွား အမေရိကန်သမ္မတ Barack Obama အား ရွေးကောက်ပွဲတွင် အကူအညီပေးခဲ့ကြသော ပြည်သူ့အခွင့်အရေးခေါင်းဆောင်များ၏ ထောက်ခံအားပေးသော စကားလုံးများသည် မည်မျှတာသွားခဲ့သည်ကိုလည်း စဉ်းစားကြည့်လျှင် သိနိုင်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော ဆက်စပ်မှုရရှိရေးအကြောင်းခြင်းရာ (၅)ချက်သည် အခြေခံလိုအပ်ချက်မျှသာ ဖြစ်ပါသည်။ အခြားလိုအပ်ချက်များကိုလည်း စာရှုသူတို့ကိုယ်တိုင် စဉ်းစားရှာဖွေတွေ့ရှိနိုင်ပါသည်။ အရေးကြီးသည်မှာ ခေါင်းဆောင်လုပ်သူသည် အခြားလူများနှင့်ဆက်စပ်မှုရရှိနိုင်ရန်အတွက် မိမိတွင် ရှိသမျှအကုန်ထုတ်သုံးရန်သာ ဖြစ်ပါသည်။ မိမိတွင်အကြောင်းချင်းရာအချက်အလက်များပိုရှိလေ၊ သုံးစွဲနိုင်ရန်အခြေအနေပိုပေးလေ၊ အခြားလူများနှင့်ဆက်စပ်မှုရရှိရန် အခွင့်အရေးသာလေဖြစ်ပါသည်။ မိမိ၏အားသာချက်များကို အသုံးချရမည်၊ ကိုယ်ပိုင်ပုံစံကို တိုးတက်ဖွံ့ဖြိုးစေရမည်။ ထို့အပြင် လူထုနှင့်ဆက်စပ်မှုရနိုင်သမျှသော ကျွမ်းကျင်မှုများကို ပြုစုပျိုးထောင် ထားရပါမည်။

ဆက်စပ်မှုပညာရပ်ကို အထူးပြုလေ့လာသူ ခေါင်းဆောင်မှု စာရေးဆရာ Maxwell ၏ စာများကို ၁၉၉၄ ခုနှစ်မှ စတင်၍ ရေးသားပေးနေခဲ့သော စာရေးသူ Charlie Wetzel က Maxwell ၌အရည်အချင်း၀ါးရပ်

ရှိသည်ဟုဆိုပါသည်။ ကြီးမားသောယုံကြည်ချက်ရှိခြင်း၊ စစ်မှန်မှုကိုထုတ်ဖော် ပြသနိုင်ခြင်း၊ အသေးစိတ် ပြင်ဆင်မှုရှိခြင်း၊ ဟာသဉာဏ်ကိုသုံးစွဲတတ်ခြင်းနှင့် အခြားလူများအပေါ်တွင် အာရုံစူးစိုက်နိုင်ခြင်းတို့ဖြစ်ပါသည်။ ဤအချက်များက Maxwell အား ကောင်းမွန်သော ဆက်သွယ်ပြောဆိုသူတစ်ဦးဖြစ်လာစေ ခဲ့သည်ဟု ဆိုပါသည်။

## ဆက်စပ်မှုရှိအောင်ပြုလုပ်နိုင်သူ တစ်ဦးဖြစ်လာစေရေး

Maxwell က အထက်ပါ Charlie Wetzet ၏ အမြင်အပေါ်အသုံးဝင်မှုရှိပါသည်ဟု ဝန်ခံသော်လည်း သူသည် အစက မည်မျှဆိုးဝါးစွာဆက်ဆံပြောဆိုတတ်သည်ကိုလည်း သိစေလိုသည် ဟုဆိုပါသည်။ ဤသို့သိမှသာ လူတိုင်းအတွက် မျှော်လင့်ချက်ပေးနိုင်မည်ဖြစ်ပါသည်။

ဘုရားရှိခိုးကျောင်းနှင့်ပတ်သက်သော ဘာသာရပ်များကို ကောလိပ်ကျောင်းတွင် သင်ကြားနေရစဉ် ဘုရားရှိခိုးကျောင်းငယ်ကလေးများ၌ တရားဟောဆရာလောင်းများက လက်တွေ့အလှည့်ကျဟောပြောရသည်မှာ ထုံးစံဖြစ်၏။ Maxwell သည် ပထမဆုံးအကြိမ် ထိုသို့ဟောပြောရန် အချိန်မကျရောက်မီ ခုနစ်ရက်ကြိုတင်၍ သူငယ်ချင်း Don ဟောပြောမည့်ရက်တွင် လိုက်ပါနားထောင်ရန်စီစဉ်ခဲ့သည်။

Don သည်တရားနာပရိသတ်ရှေ့သို့တက်သွားပြီးစတင်ဟောပြောပါသည်။ သုံးမိနစ်သာ ကြာလိုက်ပါသည်၊ သူ၏လေမဆက်နိုင်တော့ပါ။ ဘာမျှပြောစရာမရှိ၊ စကားကုန်သွား၍ထစ်ထစ်အအဖြစ်ပြီး ထိုင်ချလိုက်သည်။ လူတိုင်းက စိုးရိမ်တကြီးဖြစ်သွားကြပါသည်။

ကောလိပ်ကျောင်းဝင်းသို့ ပြန်ရောက်သည့်အခါ Maxwell ကကိုယ့်ကိုယ်ကိုယ်ပြန်အားပေးရ၏။ ''ငါဟောမည့် တရားသည်သုံးမိနစ်ထက်ပို၍ ရှည်ရမည်'' ဟူ၍ဖြစ်သည်။ ထိုရက်သတ္တပတ်အတွင်းရသမျှ အချိန်တိုင်းတွင် သူ၏ ဟောပြောမှုဖွင့်ပွဲအတွက် မိန့်ခွန်းကို ပြင်ဆင်ခဲ့သည်၊ ထို့နောက်အကျဉ်းချုပ်အချက်များပြန်ထုတ်သည်။ တနင်္ဂနွေနေ့သို့ ရောက်လာသောအခါ သူ့မှာအချက်(၉)ချက် ရရှိပြီဖြစ်သည်။ ထိုစဉ်က ပရိသတ်နှင့်ဆက်စပ်မှုရရှိစေရန် မည်ကဲ့သို့ ပြုလုပ်ရမည်ကို တစ်ချက်မျှ မစဉ်းစားခဲ့ပါ။ ပန်းတိုင်တစ်ခုသာရှိပါသည်။ သုံးမိနစ်ထက်ပို၍ ကြာကြာဟောနိုင်ရန် ဖြစ်ပါသည်။

ထိုစဉ်က Margaret နှင့် စေ့စပ်ထားပြီးဖြစ်၍ တရားဟောရမည့် ဘုရားကျောင်းငယ်သို့အတူသွားကြသည်။ တရားပွဲပြီးသွားသောအခါ Maxwell သည်ကျေနပ်ပျော်ရွှင်စွာဖြင့် သူအတော်ကလေး ကောင်းကောင်းလုပ်နိုင်ခဲ့ပြီဟု ထင်ခဲ့ပါသည်။

အပြန်ခရီးတွင် Margaret ကငြိမ်နေ၏။ ''ဒီနေ့ကိုယ်ပြောတာ ဘယ်နှယ့်နေသလဲ'' ဟု မေးလိုက်ရာ သူမက တွေဝေနေရာမှ ''ပထမဆုံးအကြိမ်ဆိုတော့ ဒီလောက်ပဲရမှာပေါ့'' ဟု စိတ်မပါတပါပြန်ဖြေ၏။ Maxwell ကတော့ အားတက်စွာဖြင့် ထပ်မေး၏၊ ''အချိန်ဘယ်လောက်ကြာသွားသလဲ'' သူမကခေတ္တမဖြေသေးဘဲနေပြီးမှ ''ငါးဆယ့်ငါးမိနစ်'' ဟု ပြန်ပြောသည်။

တကယ်တော့ Maxwell သည်ထိုအချိန်ကနလပိန်းတုံးတစ်ယောက်သာဖြစ်ခဲ့ပါသည်။ ငါးဆယ့်ငါးမိနစ် တရားနာပြီးနောက်သူတို့စိတ်ထဲမည်ကဲ့သို့ခံစားသွားကြမည်နည်း။ သူ၏သတင်းစကားများအပေါ်မည်မျှပျင်းရိငြီးငွေ့နေကြမည်နည်းဆိုသည့်အချက်များကိုမစဉ်းစားခဲ့ပါ။ သူဘာမျှနားမလည်ရှာသေးဘူးဆိုသည်ကိုတက်ရောက်သူများအားလုံးကသိကြ၏။သို့သော် သူတို့ဘာလုပ်နိုင်ကြသလဲ၊ ထွက်မသွားဘဲဆက်ထိုင်နေနိုင်လောက်အောင် သူတို့က ယဉ်ကျေးကြသည်။ သူတို့သည် မည်ကဲ့သို့ ဆက်သွယ်ပြောကြားရမည်ကိုမသိသော အတွေ့အကြုံမရှိသည့် ဟောပြောသူ၏အကျဉ်းသားဘဝသို့ရောက်ခဲ့ကြရရှာပါသည်။ထို့ကြောင့်သူတို့အနေဖြင့်ဆိုလျှင်သုံးမိနစ်သာဟောပြောခဲ့သော Don ကို ပို၍ကျေးဇူးတင်ကြမည် ဖြစ်ပါသည်။

ကဗျာဆရာနှင့်တွေးခေါ်ရှင် Ralph Waldo Emerson ကပြောခဲ့ဖူးပါသည်။ ''ကြီးမြတ်သောဟောပြောသူများသည်ရှေးဦးပထမတွင် ဆိုးဝါးသော ဟောပြောသူများဖြစ်ခဲ့ကြသည်''။ ထိုစကားလုံးများသည် Maxwell အတွက် အလွန်အသုံးကျခဲ့ပါသည်။ သူသည်အလွန့်အလွန်ဆိုးသော ဟောပြောသူဘဝမှ စတင်ခဲ့ရပါသည်။ စကားပြောတတ်ရန် နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့ရသည်။ ကောင်းမွန်သောဆက်သွယ်ပြောဆိုသူများတွင်ရှိသော တူညီသည့်အချက်ကို ရှာဖွေနားလည်ပြီးမှသာ သူ၏တိုးတက်မှုမြန်ဆန်လာခဲ့ခြင်းဖြစ်ပါသည်။ ထိုတူညီသောအချက်မှာ ''သူတို့အားလုံးက ဆက်စပ်မှုရအောင်ယူတတ်ကြသည်'' ဟူသော အချက်ဖြစ်ပါသည်။

စာရှုသူ၏ပန်းတိုင်ကဘာလဲ၊ စာရှုသူသည် ဆက်သွယ်ပြောဆိုမှု၌ အလားအလာမည်မျှရှိနေပါသလဲ၊ စာရှုသူ၏အိပ်မက်ကဘာလဲ၊စာရေးသူကမသိနိုင်ပါ၊သို့သော်တစ်ခုတော့ပြောနိုင်ပါသည်။ ထိရောက်သော ဆက်သွယ်ပြောဆိုနိုင်စွမ်းရှိသူဖြစ်လာပြီး ကောင်းစွာဆက်စပ်မှုရရှိနိုင်သူဖြစ်လျှင် စာရှုသူသည် ထိုပန်းတိုင် ၊ ထိုအလားအလာနှင့် ထိုအိပ်မက်တို့ကို ပို၍လွယ်ကူစွာရနိုင်ပါလိမ့်မည်။ ''ခေါင်းဆောင်မှုသည်အတတ်ပညာ'' (Leadership is an Art) စာအုပ်ကိုရေးသားခဲ့သည့် စာရေးဆရာ Max De Pree ကအခိုင်အမာဆိုခဲ့ပါသည်။ ''အဓိပ္ပါယ်ရှိသော အလုပ်နှင့်အကျိုးဖြစ်ထွန်းသော ဆက်ဆံမှုတို့ကို ကြိုးပမ်းတည်ဆောက်ရာ၌ ဆက်သွယ်ပြောဆိုမှုအတတ်ပညာကို လေ့ကျင့်သင်ယူခြင်းထက်ပို၍အရေးကြီးသောအရာမရှိတော့ပါ''ဟူသောအချက်ကို စာရေးသူထက်ပို၍ သဘောတူမည့်သူမရှိပါ။

ပိုမိုကောင်းမွန်သော ဆက်ဆံမှုတည်ဆောက်ရန် သို့မဟုတ် ပုဂ္ဂိုလ်ရေးအောင်မြင်မှုရရှိရန် သို့မဟုတ် ပိုမိုထူးချွန်သောခေါင်းဆောင်တစ်ယောက်ဖြစ်ရန် စာရှုသူက လိုလားသည်ဟုဆိုပါလျှင် **သင်၏ပန်းတိုင်သည် ဆက်စပ်မှုရရှိခြင်းဟု သတ်မှတ်ရပါမည်။** ထိုသို့ဖြစ်လာစေရန် သင်သည် ဆက်သွယ်ပြောဆိုခြင်း ကျွမ်းကျင်သူမဖြစ်သေးပါက ဆက်သွယ်ပြောဆိုခြင်းကို သင်ယူသူဖြစ်ရန်လိုပါသည်။ ထိရောက်သောဟောပြောသူများနှင့် မထိရောက်သောဟောပြောသူများကို လေ့လာပြီး မည်သူကဘာကြောင့်အလုပ်ဖြစ်သည်၊ မည်သူကဘာကြောင့် အလုပ်မဖြစ်ဆိုသည်ကိုသိနားလည်ရပါမည်။ လူများသည် အခြားလူများပြောသည့်စကားများကို မည်သည့် အကြောင်းကြောင့်နားထောင်ကြသည်ဆိုသည့်အချက်ကို တွေးတောကြည့်ပါ။ ထို့နောက်အဆိုပါ အင်္ဂါရပ်များနှင့် ပြည့်စုံလာစေရန် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ပါ။ ထို့အပြင် သင်သည်မည်သည့်နေရာသို့ သွားသွား မည်သည့်အလုပ် လုပ်လုပ် ကောင်းစွာဆက်စပ်မှုရရှိသူများသည် လူတစ်ဦးချင်းစီနှင့်မည်ကဲ့သို့ တုံ့ပြန်မှုပြုကြသည်ကို စောင့်ကြည့် လေ့လာသင့်ပါသည်။ ဤအလုပ်ကိုသာ စိတ်ဝင်စားစွာဆက်လက်လုပ်ကိုင်နေမည်ဆိုလျှင် သင်သည် ပိုမိုကောင်းမွန်သော ဆက်စပ်နိုင်စွမ်းရှိသူဖြစ်လာမည်မှာ ကေန်မလွဲဖြစ်ပါသည်။

## အဆင့်တိုင်းမှ လူတိုင်းနှင့်ဆက်စပ်မှုရှိစေခြင်း

**ဆက်စပ်မှုရှိခြင်းအခြေခံသဘောတရား။** ဆက်စပ်မှုရရှိခြင်းသည် ပင်ကိုယ်စွမ်းရည်ထက် ကျွမ်းကျင်မှုနှင့်ပိုသက်ဆိုင်သည်။

**အရေးကြီးသောအယူအဆ။** အဆင့်တစ်ခုတွင် ဆက်စပ်မှုရရှိရန် သင်ယူခဲ့သော ကျွမ်းကျင်မှုသည် နောက်တစ်ဆင့်အတွက်လည်း အခြေခံအဖြစ် အသုံးဝင်သည်။

**တစ်ဦးချင်းဆက်စပ်မှုရှိစေခြင်း။** တစ်ဦးချင်းနှင့်ဆက်စပ်မှုရရှိရန်ကိစ္စသည် အဖွဲ့ငယ်သို့မဟုတ် ပရိသတ်နှင့် ဆက်စပ်မှုရရှိရန်ထက် ပို၍ လွယ်ကူသည်ဟု ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့ငယ်သို့မဟုတ် ပရိသတ်နှင့်ထိတွေ့ရသော အကြိမ်အရေအတွက်ထက် တစ်ဦးချင်းနှင့်ပို၍ ထိတွေ့လေ့ကျင့်နိုင်ကြသောကြောင့်ဖြစ်သည်။ အဖွဲ့များနှင့် စကားပြောရာတွင်လည်း တစ်ဆင့်ပြီးတစ်ဆင့် ကိုယ်တိုင်ကြိုးစားအားထုတ်၍

ကျွမ်းကျင်မှုရရှိရန်လေ့ကျင့်သွားနိုင်ပါသည်။မိမိတို့တွင် မူလရှိပြီးဖြစ်သော အစွမ်းအစများကို အသုံးပြု၍ ဆက်စပ်မှု ရရှိရေး လုပ်ငန်းစဉ်ကို တိုးချဲ့ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

တစ်ဦးချင်းဆက်စပ်မှုရယူရာတွင်မိမိတို့သည်–

- တစ်ဦးချင်းအပေါ်တွင် စိတ်ဝင်စားမှုရှိပါ။
- ထိုပုဂ္ဂိုလ်အပေါ်တန်ဖိုးထားပါ။
- ထိုသူ၏ အကျိုးစီးပွားကို မိမိအကျိုးစီးပွားထက်ပို၍ ဦးစားပေးပါ။
- ကျေးဇူးတင်ကြောင်းဖော်ပြပါ။

**အုပ်စုတစ်ခုအတွင်းဆက်စပ်မှုရှိစေခြင်း။** တစ်ဦးချင်းဆက်စပ်မှုရရှိအောင်ဆောင်ရွက်နိုင်ပြီဆိုလျှင် ထိုနယ်ပယ် အတွင်း ရရှိလာခဲ့သော ကျွမ်းကျင်မှုများနှင့် နည်းနာများကို အသုံးချနိုင်ရန် စုစည်းထားရပါမည်။ အုပ်စု သို့မဟုတ် အဖွဲ့အတွင်း အဆိုပါကျွမ်းကျင်မှုနှင့် နည်းနာများမည်ကဲ့သို့ သုံးစွဲနိုင်မည်ကို စဉ်းစားရပါမည်။ မည်သည့်အချက် များကိုမူရင်းအတိုင်းသုံးစွဲမည်၊ မည်သည့်အချက်များကို မည်ကဲ့သို့ပြောင်းလဲသုံးစွဲရမည်ကို သိရပါမည်။ အထက်ပါ တစ်ဦးချင်း ဆက်စပ်မှုရရှိစေသောအချက်လေးချက်ကို အဖွဲ့ငယ်အတွက် အသုံးပြုနိုင်စေရန် အောက်ပါအတိုင်း တိုးချဲ့ရပါမည်–

- မိမိအဖွဲ့အတွင်းမှ ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် စိတ်ဝင်စားမှုပြသပါ၊ ဤသို့ပြသရန် လူတိုင်းကို မေးခွန်း ကလေးများမေးပေးပါ။
- ပုဂ္ဂိုလ်တစ်ဦးချင်း၏ တန်ဖိုးကိုဖော်ပြသည့်အနေဖြင့် အဖွဲ့အတွင်းရှိ အခြားလူများအား ထိုသူ၏ တန်ဖိုးရှိမှုကို ရည်ညွှန်း၍ပြောပြပေးပါ။
- သင်၏အဖွဲ့အတွင်း ပါဝင်သော လူတိုင်းကို တန်ဖိုးမြှင့်တင်ပေးရန်အလုပ်သည် သင်၏ပန်းတိုင်၊ သင်၏ လိုလားချက်ဖြစ်ကြောင်း အသိပေးထားပါ။
- ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ်ကျေးဇူးတင်ရှိကြောင်း အခြားလူများရှေ့တွင်ပြောကြားပါ။

**ပရိသတ်နှင့်ဆက်စပ်မှုရှိစေခြင်း။**အဖွဲ့ငယ်များနှင့်ဆက်စပ်မှုရရှိစေသည့်လုပ်ငန်းကိုလုပ်ဆောင်သွားနိုင်ပြီ ဆိုလျှင် ထိုအတွေ့အကြုံများကို သိမ်းဆည်းထားပါ။ ကြီးမားသော ပရိသတ်နှင့်တွေ့ဆုံရသည့်အခါ ထိုအတွေ့အကြုံ ကို မည်ကဲ့သို့အလုပ်ဖြစ်အောင် လုပ်နိုင်မည်ကို ကြိုတင်မျှော်မှန်းပြင်ဆင်ပါ။ ပရိသတ်ကြီးမားလေ မိမိထုတ်လုပ် ရမည့် စွမ်းအားပိုလိုလေ ဆိုသည်ကိုလည်း သတိရပါ။

ပရိသတ်နှင့် ဆက်စပ်မှုရရှိရန် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်–

- ပရိသတ်အပေါ် စိတ်ဝင်စားမှုကို ပြသပါ။ ဖြစ်နိုင်လျှင် စကားမပြောမီ ပရိသတ်နှင့်တွေ့ဆုံနှုတ်ဆက်ပါ။ စကားပြောနေစဉ်အတွင်း၌လည်းပရိသတ်အတွက် အထူးတလည် အလေးထားကြောင်းပေါ်လွင်ပါစေ။
- လူတိုင်းအပေါ်တွင် တန်ဖိုးထားကြောင်း သူတို့၏ ရည်ရွယ်ချက်နှင့်အချိန်တို့အပေါ်တွင် တန်ဖိုးထား သည့်အတွက် ဟောပြောရန် အချိန်ယူပြင်ဆင်လာခဲ့ကြောင်း အသိပေးပါ။
- ပရိသတ်အတွက် ဝန်ဆောင်မှုပေးရန် သင်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မေးခွန်းများ ဖြေဆိုရန်အသင့်ရှိကြောင်းနှင့် ဟောပြောပွဲပြီးသည့်အခါ တစ်ဦးချင်းနှင့် ဆွေးနွေးရန်အသင့်ရှိကြောင်း၊ စာအုပ်များပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးပေးရန်လည်း အသင့်ရှိကြောင်း ဖော်ပြပါ။
- သူတို့အား အချိန်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းဖော်ပြပါ။

***Reference;*** *John C. Maxwell, "Everyone Communicates few connect"*